MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

# မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ သီလဝါအကွက်အမှတ် (၂၉) တွင် ခေတ်မီသိုလှောင်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများအား ကြေညာခြင်း

## နိဒါန်း

၁။ ကျွန်ုပ်တို့ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်အနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါ အကွက်အမှတ် (၂၉)မြေကွက်အား မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကောက်ပဲသီးနှံနှင့် အထွေထွေကုန်စည်များ ကိုင်တွယ်နိုင်သည့် ခေတ်မီ ဘက်စုံသုံးအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် ဆက်စပ်စီးပွားရေးအဆောက်အအုံများ တည်ဆောက်ရန်အတွက် နှစ်ရှည်ငှားရမ်းခွင့်ရရှိထားပြီး ၎င်းမြေကွက်ပေါ်တွင် အလျား ၅၅၀ ပေ၊ အနံ ၁၅၀ ပေ အမြင့် ၃၄ ပေ စုစုပေါင်း စတုရန်းပေ ၈၂,၅၀၀ အကျယ်အဝန်းရှိသည့် ခေတ်မီသိုလှောင်ရုံကြီးတစ်ခုအား ၄-၄-၂၀၂၅ ရက်နေ့တွင် ပန္နက်တင်အခမ်းအနား စတင်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့ရာ သိုလှောင်ရုံတည်ဆောက်မှုအပိုင်း မှာ ၇-၃-၂၀၂၆ ရက်နေ့တွင် ၁၀၀% ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ပြည်ပတင်ပို့ရန် အသင့်ဖြစ်သည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း တန် ၂၅,၀၀၀ ဝန်းကျင်ကို အရည်အသွေးများ မကျဆင်းအောင် စနစ်တကျ သိုလှောင်ထားရှိနိုင်ပြီး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများနဲ့ နီးကပ်စွာ တည်ရှိသည့်အတွက် အများပိုင်ကုမ္ပဏီနှင့် အသင်းဝင် ပို့ကုန် ကုမ္ပဏီများအတွက် သင်္ဘောတင်စရိတ်သက်သာစွာဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခြင်း ဖြစ်ပါသည်။

## အကျိုးကျေးဇူးများ

၃။ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း တင်ပို့မှုမှာ နှစ်စဉ် နိုင်ငံပေါင်း (၅၀) ဝန်းကျင်သို့ တန်ချိန်ပေါင်း (၃)သန်း ဝန်းကျင်တင်ပို့လျက်ရှိသဖြင့် MAGDPL ၏ သိုလှောင်ရုံ တည်ဆောက်ပြီးစီးပါက ပြည်ပ

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com


တင်ပို့မှု လုပ်ငန်းများအတွက် နိုင်ငံတော်မှ ပို့ကုန်တိုးမြှင့်တင်ပို့ရန် အထူးတွန်းအားပေး ဆောင်ရွက်နေသည့် အချိန်အခါမှာ အထောက်အပံ့ကောင်းတစ်ခု ဖြစ်ပေါ်လာမှာဖြစ်ပါသည်။

(က) **အရည်အသွေးမပျက် သိုလှောင်နိုင်မှု**

ပြည်ပသို့ တင်ပို့ရန် အဆင်သင့်ဖြစ်သော ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတို့ကို တန် ၂၅,၀၀၀ အထိ သိုလှောင်နိုင်ခြင်း။

(ခ) **အများပိုင်အသုံးပြုနိုင်မှု**

MAGDPL ၏ ကောက်ပဲသီးနှံများသာမက အခြားပို့ကုန်ကုမ္ပဏီများ၏ ကုန်စည်များကိုပါ သိုလှောင်ထားနိုင်ခြင်း။

(ဂ) **ကုန်ကျစရိတ်သက်သာမှု**

အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နီးကပ်စွာတည်ရှိသောကြောင့် ပြည်ပသို့ ကုန်စည်တင်ပို့ရာတွင် စရိတ်သက်သာစေခြင်း။

**တည်ဆောက်မှု လုပ်ငန်းစဉ်များ**

၄။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် အနေဖြင့် သိုလှောင်ရုံတည်ဆောက်ခြင်းအတွက် အောက်ပါသဘောတူညီချက်များဖြင့် Bagan Royal Star Engineering Co., Ltd. သို့ တည်ဆောက်ရေးလုပ်ငန်းများ အပ်နှံ ဆောင်ရွက်ခဲ့ပါသည်။

(က) (167.64 m x 45.72 m) Warehouse Building (Civil Work & Steel Structure) အား Pile Foundation ဖြင့် တည်ဆောက်ခြင်း

(ခ) အဆောက်အဦးအတွင်း သဲဖြည့်ခြင်း၊ Roller ကြိတ်ခြင်း

(ဂ) အဆောက်အဦးကြမ်းခင်းကွန်ကရစ်အား ငါးမူးလုံးသံချောင်း 8" ကြား သံတစ်ထပ်သံဆင်ခြင်း၊ 8" ထု 25G ready mixed ကွန်ကရစ်လောင်းပေးခြင်း၊ 6" x 9" ကျောက်ကြီး 9" ; ခင်းပေးခြင်း။ (1m$^2$ လျှင် ၄ တန် ခံနိုင်သည်)

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.
MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

(ဃ) 9"; Brick Wall အား ၅မီတာအမြင့် အုတ်စီပေးခြင်း၊ မျက်နှာပြင်နှစ်ဖက်အတွင်း အပြင်ချောကိုင်ခြင်း

(င) အုတ်နံရံများအား UPG (Orient) ဆေးသုတ်ပေးခြင်း

(စ) 3 M x 1 M Panel Louver တပ်ဆင်ပေးခြင်း

(ဆ) PEB Steel Structure ဖြင့် တပ်ဆင်ပေးခြင်း၊ Air Bubble Insulation တပ်ဆင်ပေးခြင်း၊ လေတိုက်နှုန်း 160 km/hr ခံနိုင်ခြင်း၊ ငလျင်ဒဏ် Zone-3 ထိခံနိုင်ခြင်း၊ Solar Panel တင်ခံနိုင်အောင် ပြုလုပ်ပေးခြင်း

၅။ Bagan Royal Star Engineering Co., Ltd. မှ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် ပတ်သက်၍လည်း MAGDPL အနေဖြင့် အများပိုင်ကုမ္ပဏီတစ်ခုမှ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအတိုင်း Quality Control (QC) အဖြစ် San Kyu & Associates Ltd. (SKA) သို့ လုပ်ငန်းအပ်နှံခဲ့ပြီး SKA မှ Bagan Royal Star Engineering Co., Ltd. ၏ တည်ဆောက်မှုလုပ်ငန်းများ၏ လုပ်ငန်းစီစဉ်ဆောင်ရွက်မှု၊ လုပ်ငန်းကာလ လျာထားသတ်မှတ်အခြေအနေတို့ကို Working Schedule ရေးဆွဲ၍ လုပ်ငန်းခွင်တွင်း စနစ်တကျ တည်ဆောက်နိုင်ရေးအတွက် လုပ်ငန်းအတွေ့အကြုံရှိ Site Engineer များထားရှိမှု၊ သုံးစွဲသည့် ပစ္စည်းများ၏ အရည်အသွေးစံနှုန်း သတ်မှတ်ချက် ကိုက်ညီမှု ရှိ/မရှိ တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

**ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၆။ ဆက်လက်၍ MAGDPL အလျား ၅၅၀ ပေ၊ အနံ ၁၅၀ ပေ အမြင့် ၃၄ ပေ စုစုပေါင်း စတုရန်းပေ ၈၂,၅၀၀ အကျယ်အဝန်းရှိသည့် ခေတ်မီသိုလှောင်ရုံကြီး ၃ ရုံ၊ တန်ဖိုး စုစုပေါင်း USD 3,712,500 ဝန်းကျင်ကို Phase (II), Phase (III), Phase (IV) တစ်ခုချင်းအလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

သိုလှောင်ရုံ၏ လက်ရှိပြီးစီးမှု မှတ်တမ်းဓာတ်ပုံနှင့် Drawing







# MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com


**OWNER** : **:Myanmar Agricultural & General Development Public Co.,Ltd (MAGDPL)**
**LOCATION** : **:Block No-29 , Thilawa Township**
**DRAWING TITLE:** **:Warehouse Layout Plan**




LEGEND

1. Proposed Warehouse (550' x 150')
2. Proposed Office (60' x 30')
3. G- Gate House (10' x 10')
4. TP- Transformer Plinth (36' x 20') for 500KVA
5. GEN - Generator House (50' x 30' x 15')
6. G Tank & T - Ground Tank with Tresstle and Pump House (40' x 20')
7. Public Toilet with Bio Tank (40' x 20'-0")
8. 2'-0" Wide Internal Drain
9. 8"thk; R.C Concrete Road

WAREHOUSE LAYOUT PLAN (PROPOSAL)

NOTE
ALL DIMENSIONS ARE IN MILIMETER

| | | |
|---|---|---|
| OWNER | MAGDPL | |
| PROJECT | WAREHOUSE | |
| | BLOCK NO | 29 |
| | STREET NO; | |
| | LOT NO; | |
| | TOWN SHIP | THILAWA |
| TITLE | WAREHOUSE LAYOUT PLAN | |
| | SCALE | |
| | DATE | 13.8.2024 |
| DRAWN BY | YU YU MON | |
| CHECK BY | U MYO AUNG | |
| R.S.E / P.E (CONSTRUCTION) | | |
| R.S.E / P.E (STRUCTURE) | | |

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**နိဂုံး**

၇။ လက်ရှိအချိန်တွင် သိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်းများအားလုံး ၁၀၀% ပြီးစီးပြီဖြစ်ပြီး ခြံစည်းရိုးအုတ်တံတိုင်း၊ လမ်းကူးတံတားတည်ဆောက်ခြင်းများ၊ သိုလှောင်ရုံပတ်လမ်း၊ ကားပါကင်နှင့် Landscaping လုပ်ငန်းများ ၂၀-၂-၂၀၂၆ ရက်နေ့တွင် စတင်ဆောင်ရွက်နေပြီး ၂၀၂၆ ခုနှစ်၊ မေလကုန်ဝန်းကျင်တွင် ပြီးစီးအောင် လူအင်အား၊ ယန္တရားအင်အားအပြည့်ဖြင့် အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လလယ်ဝန်းကျင်တွင် သိုလှောင်ရုံဖွင့်ပွဲနှင့် လုပ်ငန်းစတင်ခြင်း အခမ်းအနားအား ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

ဒေါက်တာမောင်မောင်အေး
မန်နေးဂျင်းဒါရိုက်တာ